IB DIPLOMA PROGRAMME
PROGRAMME DU DIPLÔME DU BI
PROGRAMA DEL DIPLOMA DEL BI

M05/1/A1BUR/SP1/BUR/TZ0/XX

22050043

**BURMESE A1 – STANDARD LEVEL – PAPER 1**
**BIRMAN A1 – NIVEAU MOYEN – ÉPREUVE 1**
**BIRMANO A1 – NIVEL MEDIO – PRUEBA 1**

Tuesday 3 May 2005 (morning)
Mardi 3 mai 2005 (matin)
Martes 3 de mayo de 2005 (mañana)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

---

INSTRUCTIONS TO CANDIDATES

- Do not open this examination paper until instructed to do so.
- Write a commentary on one passage only. It is not compulsory for you to respond directly to the guiding questions provided. However, you may use them if you wish.

INSTRUCTIONS DESTINÉES AUX CANDIDATS

- N'ouvrez pas cette épreuve avant d'y être autorisé(e).
- Rédigez un commentaire sur un seul des passages. Le commentaire ne doit pas nécessairement répondre aux questions d'orientation fournies. Vous pouvez toutefois les utiliser si vous le désirez.

INSTRUCCIONES PARA LOS ALUMNOS

- No abra esta prueba hasta que se lo autoricen.
- Escriba un comentario sobre un solo fragmento. No es obligatorio responder directamente a las preguntas que se ofrecen a modo de guía. Sin embargo, puede usarlas si lo desea.

အောက်ပါကောက်နုတ်ရွေးချယ်ချက်များမှ <u>တစ်ခုကိုရွေးချယ်၍</u> ဝေဖန်ဆွေးနွေးပါ။ ပေးထားသော လမ်းညွှန် မေးခွန်းများအပေါ် တိုက်ရိုက် မူတည်၍ မဖြေမနေရ ဖြေရမည်ဟု မဆိုလိုပါ။ သို့သော်လည်း ယင်းတို့ကို အသုံးပြုလိုသော် သုံးနိုင်ပါသည်။

**1.** (a)

<u>အပိုင်း ၁ (က)</u>

### သဗ္ဗေ သတ္တာ အနီဃာ[1]

သူမနှင့် သူ၊ သူနှင့်သူတို့
ရုပ်ပါနှင့် ကြီး၊ ကြီးနှင့် ကြီးတို့
ခရီးသင့်ကြုံ၊ ချိန်း၍ဆုံနှင့်
ပြုံးတုံ့ရွှင်တုံ ရယ်မောလိုက်။
သတင်းခေတ်ပုံ အတူရိုက်။
ငါတို့ မြင်ရ ဘဝင်ခိုက်။

အာလာပ သလ္လာပ၊ မန္တန[2] နှင့်
နှုတ်ခွန်းဆက်ကြ၊ ပြောဟောကြကာ
ဆွေးကြနွေးကြ၊ တိုင်ပင်ကြ၍
ပွင့်ကြလင်းကြ၊ ရင်းနှီးကြဟု
လောကအေးကြောင်း၊ သတင်းကောင်းကို
သောင်းသောင်းဖြဖြ တို့ကြိုကြ။
သာဓုပါဗျ တို့ခေါ်ကြ။

စစ်ဆိုလျှင် စစ်
ကြီးစစ်ငယ်စစ်၊ ဘာပဲဖြစ်စေ
စစ်ဖြစ်ပါက လူသတ်ရ။
ပြေးရလွှားရ ငတ်ပြတ်ရ။
သေရကြေရ ပျက်စီးရ။
သူလည်းသေရ ငါသေရ။
ငါ့သား ငါ့မြေး၊ ငါ၏သွေးလည်း
သူ့သား သူ့မြေး၊ သူ၏သွေးလို
မြေဆွေးဖြစ်ရ ပြာပုံကျ။

ထို့ကြောင့်ယခု၊ ကြေးစည်ထုရင်း
အေးမှု သံလွင်၊ တောင်းဆုဆင်ခိုက်
ကြည်ရွှင်ပါရ၊ ဤခဏ၌
သုခရသာ ခံစားကာလျှင်
ကမ္ဘာအေးကြောင်း၊ မေတ္တာလောင်းသည်
သြောင်း[2] – သဗ္ဗေ သတ္တာ အနီဃာ

(၅၊၆၊၈၈)
မင်းသုဝဏ်
ရှုမဝ မဂ္ဂဇင်း၊ အတွဲ ၄၂၊
ဇူလိုင်လ ၁၉၈၈နှစ်။

---

[1] သဗ္ဗေ သတ္တာ အနီဃာ = ခပ်သိမ်းသော သတ္တဝါအားလုံး (ဘေးရန်) ဆင်းရဲခြင်း ကင်းကြပါစေ။

— သင်အမြင်အရ အထက်ပါ ကဗျာတွင် စာဆိုသည် မည်သည့် အကြောင်းအရာများကို ဖွဲ့ဆို တင်ပြထားပါသနည်း။

— အထက်ပါ ကဗျာ၏ ပထမအပိုဒ်နှင့် ဒုတိယအပိုဒ်တွင် "သူမ"၊ "သူ"၊ "သူတို့"၊ "စူပါ"၊ "ကြီး နှင့် ကြီး" စသည့် ပုဂ္ဂိုလ်များ အပေါ် "ငါတို့" ဆိုသူများက မည်သို့ သဘောထားကြသည်ကို စာဆိုက မည်သို့ တင်ပြထားပါသနည်း။

— အထက်ပါကဗျာတွင် စာဆိုအသုံးချခဲ့သည့် စကားအသုံးအနှုန်း၊ ပုံရိပ်နှင့် ရင်ဖွင့်ဟန် လေသံတို့ကို ဝေဖန်ဆွေးနွေးပါ။

— အထက်ပါ ကဗျာက မျက်မှောက်ခေတ် စာဖတ်သူတစ်ဦးအနေနှင့် သင်၏စိတ်တွင် မည်သည့်အတွေးများ ခံစားမှုများကို ဖြစ်ပေါ်လာစေပါသနည်း။

---

[2] နှုတ်ခွန်းဆက် စကားပြောဆိုခြင်း။ အတူတကွပြောဆိုခြင်း။ တိုင်ပင်နှီးနှောခြင်း။
[3] အောင်စေတတည်း ဖြစ်မြောက်စေတတည်း။

**1.** (b)

## အပိုင်း ၁ (ခ)

ပထမ လှတင်သေတယ်။ နောက် ကျင်စိန်သေတယ်။ ခုတစ်ခါ ငကွန်းကလေး သေပြန်ပြီ။ နောက် ဘယ်သူ သေဦးမှာလဲ။ လက်ပဒေါ် သချိုင်းမှာ လက်ပဒေါ်သား သုံးယောက်တောင် ရောက်နေပြီကော။ လက်ပဒေါ် သချိုင်းက နောက် ဘယ်သူ့ကို မျက်စပစ် နေပြန်ပြီလဲ။ ဘယ်သူမှ မပြောနိုင်ဘူး။ သည်ငှက်စုန်းကြီး အော်နေသရွေ့ လက်ပဒေါ်သူ လက်ပဒေါ်သားတွေဟာ နေ့လား ညလား၊ သူလား ငါလား၊ ဘယ်သူမှ မပြောနိုင်ဘူး။ တစ်ရွာလုံးမှာ အသက်အကြီးဆုံးဖြစ်တဲ့ ဘကြီးသောင်က ပရိတ်တွေ ရွတ်တယ်။[4] မေတ္တာတွေ ပို့တယ်။ မျက်စိမမြင် ဘာမမြင်နဲ့ ရွာကိုတတ်သမျှ မှတ်သမျှ စည်းချပေးတယ်။[5] လက်ပဒေါ်သူ လက်ပဒေါ်သားတွေကလည်း ကွင်းကြိုကွင်းကြား ကြွက်ထိုးနေရလို့ မေ့နေတဲ့ ဘုရားရှိခိုး အမျိုးမျိုးကို ရတတ်သမျှ ရွတ်ကြတယ်။ သည်လိုနဲ့ တစ်နေ့တော့ ဘကြီးသောင်က လက်ပဒေါ်သားတွေကို လူစုတယ်။ သူ့သဘောထားကို ပြောတယ်။ “ဘကြီးတော့ အိပ်မက်တွေလည်း မကောင်းဘူး။ အတိတ်နိမိတ်များလည်း မကောင်းဘူး။ သည်တော့ ဘကြီးတတ်သမျှ မှတ်သမျှ စည်းတော့ ချပြီးပြီ။ ဒါပေမယ့် သည်ငှက်တွေ ရောက်မလာဘူး ဘယ်သူမှ မပြောနိုင်ဘူး သည်တော့ ငတို့ ဘာလုပ်ကြမလဲ”

မြောင်းလျှောက်သမား ကိုခင်ကလည်း သူ့သဘောထားကို ချပြတယ်။ “ငှက်အော်လို့ သေတာ မဟုတ်ပါဘူး..... ဘကြီးရာ။ လူသေတာ သေနေ့စေ့ သေတာပါဘဲ။ ငှက်က လူ့ဝိညာဉ်ကို မနုတ်နိုင်ပါဘူး။ ဒါ ဘကြီးတို့က ဥပါဒါန် စွဲနေတာ။ ဒါကြောင့် ဥပါဒ်ပြန်ဖြစ်နေတာ။”[6] ဆိုတော့ လာစုမိတဲ့ လက်ပဒေါ်သူ လက်ပဒေါ်သားတွေက ကိုခင့်ကို ဒေါကန်ကြတယ်။ အရေးထဲမှာ ရွာလာပြီး ကန့်လန့်တိုက်နေတဲ့ ကောင်ပါလားဆိုတဲ့ မျက်နှာနဲ့ ကိုခင့်ကို ဝိုင်းကြည့်ကြတယ်။ ကိုခင်ကတော့ ဂရုမစိုက်ပါဘူး။ ဆင်နှစ်ကောင် ဆေးလိပ်တောင် တထောင်းထောင်း ဖွာနေလိုက်သေးတယ်။ သူ့လေးထောင့်မျက်နှာကြီးထဲက မျက်ပေါက် ကျဉ်းကျဉ်းကလေးတွေနဲ့ လူတွေကိုတောင် ပြန်ကြည့်နေလိုက်သေးတယ်။

ခက်တာက ဘကြီးသောင်ကသာ ဘာလုပ်မလဲ မေးနေတာ။ ဘယ်သူက ဘာလုပ်တတ်မှာတုန်း။ ငှက်စုန်း ဘယ်နားနေမှန်း သိရင်လည်း ကောင်းသားကလား။ ညှိလို့ နှိုင်းလို့ရရင်လည်း ကောင်းသားကလား၊ တောင်းပန်လို့၊ တိုးလျှိုးလို့ ရရင်တော့လည်း ကောင်းသားကလား။ ဒါပေမယ့် ဒါက လူလူချင်း ကိစ္စ မဟုတ်ဘူး။ ငှက်နဲ့ လူတွေရဲ့ နားမလည်နိုင်တဲ့ ကိစ္စ။ ဒါက မြစ်လောင်း ဂါတ်တဲနဲ့လည်း မဆိုင်ဘူး။ မြစ်လောင်း သူကြီးနဲ့လည်း မပတ်သက်ဘူး။ မြေကြွင်းထဲက ကြွက်ကိုသာ မှိန်းနဲ့ ထိုးတတ်ကြတဲ့ လက်ပဒေါ်သားတွေဟာ ကောင်းကင်က ငှက်ကို ဘာလုပ်ရမှန်း မသိဘူး။

“သည့်လိုလုပ်ချင်တယ်။” တစ်ကိုယ်လုံး ပွေးတွေနဲ့ အကွက်လည်နေတဲ့ စံမြက စကား စတယ်။ အားလုံးက စံမြကို အာရုံ ရောက်သွားတယ်။ စံမြက လက်ဖျံပေါ်က ပွေးဒင်္ဂါးတွေကို လက်သည်းနဲ့ ကုတ်ဖဲ့နေရင်းက ပြောတယ်။ “ကျုပ်တို့ရွာမှာ ငှက်ခိုလို့ရတာ သစ်ပင်ကြီး နှစ်ပင်ပဲ ရှိတယ်။ ရွာထိပ်က လက်ပံပင်နဲ့ သချိုင်းစပ်က ညောင်ပင်။ သည်နှစ်ပင် မရှိရင် ငှက် မနေနိုင်ဘူး။ ငှက်စုန်းဟာ ညောင်ပင်မှာ ရှိရင်ရှိ၊ .... မရှိရင် လက်ပံပင်မှာ ရှိမယ်။ သည်တော့......”

စံမြက စကားတွေကို ရပ်ထားတယ်။ သည်တော့ ဘာဖြစ်သလဲ။

ဘာဖြစ်သလဲ...။ လက်ပဒေါ်သားတွေက စံမြကိုပဲ ငေးနေကြတယ်။

“သည်တော့ သည်နှစ်ပင်ကို လှဲချင်တယ်” ဒါပါပဲ။ စံမြက ဒါပဲပြောပြီး ပွေးစတွေကို တောက်ထုတ်နေတယ်။ လူတွေအားလုံးဟာ ဘာမှ မပြောနိုင်တော့ဘူး။ ဟုတ်သားပဲ။ စံမြလောက်တောင် ငါတို့ ဘာဖြစ်လို့ မတွေးမိရတာလဲ။

“ကောင်းတယ်ကွာ၊ ...စံမြ... မင်း တာဝန်ယူနိုင်မလား။”

“ယူနိုင်ပါတယ်....ဒါက သုံးလေးယောက် ဝိုင်းလိုက်ရင် ပြီးတဲ့ ကိစ္စပဲ။...ဒါပေမယ့်”

လူတွေကတော့ နားမလည်ဘူး။ ခုတ်လိုက်ရင် ပြီးမယ့် ကိစ္စပဲ။ ဘာ ဒါပေမယ့်လဲ...။ ဘာလဲ၊ မလုပ်ချင်တာလား။ မလုပ်ချင်ရင် ဘေးဖယ်နေ။ ငါတို့ လုပ်စမ်းမယ်။ သစ်ခေါင်းထဲ တွေ့မယ့် ငှက်စုန်းတော့လား၊ မြစ်လောင်း အရက်နဲ့ တွေ့ပြီပေါ့။ လူတွေက ဒေါသနဲ့ တွေးနေကြတာပါ။

“ဒါပေမယ့်....ညောင်ပင်ကို ဘယ်သူ ခုတ်ရဲလို့လဲ။ ...... ကျွန်တော် မခုတ်ရဲဘူး။ ညောင်ပင်မှာ တစ်ရွာလုံးက ကိုးကွယ်ထားတဲ့ နတ်ကွန်းတွေ ပြည့်နေတာ။ ...ကျုပ် မလုပ်ရဲဘူး”

ဟာ... ဒါလဲဟုတ်သားပါလား။ လူတွေအားလုံး ငိုင်သွားလိုက်ကြတာ တော်တော့ကို ကြာတယ်။ သည်ညောင်ပင်ကလည်း တစ်ခြမ်းသာ ခြောက်နေတာ။ တစ်ရွာလုံးက စင်ကလေးတွေ နေရာလပ် မကျန်အောင် ရိုက်ထားပြီး ကိုယ့်အစွဲနဲ့ကိုယ် ကိုးကွယ်နေကြရတဲ့ ညောင်ပင်။ ညနေမှောင်ပြီဆိုတာနဲ့ မီးကလေး တလက်လက်နဲ့ ရှိနေတဲ့ ညောင်ပင်။ တစ်နှစ်တစ်ခါ ကိုယ်တတ်နိုင်သလောက်နဲ့ မိသားစု ဝတ်မပျက် ပူဇော်ပသ နေရတဲ့ ညောင်ပင်။

ဒါကိုခုတ်ရမယ်လို့ ဖြစ်လာတော့ ခုတ်ဖို့ နေနေသာသာ ဘယ်သူမှ စိတ်တောင် မကူးရဲဘူး။ သည်ညောင်ခေါင်းထဲမှာ

---

[4] ဘေးအန္တရယ်နှင့် မကောင်းဆိုးဝါး ဝိညာဉ်များကို ဖယ်ရှားရန် ပါဠိဘာသာဖြင့်ရေးထားသည့် ဂါထာများကို ရွတ်ဆိုသည်။

[5] စည်းဝိုင်းတစ်ခုကို ရွာအပြင်မှပတ်ဆွဲ၍ စည်းဝိုင်းထဲတွင်ရှိသော ရွာအပေါ် ဘေးအန္တရယ် မကျရောက်စေရန် နှင့် မကောင်းဆိုးဝါး ဝိညာဉ်များ ဝင်ရောက်နှောက်ရှက်ခြင်း မပြုရန် ဂါထာများ ရွတ်ဆိုသည်။

[6] တစ်ခုခုကို စိတ်၌ ဖျောက်မရအောင် စွဲလမ်းမှုရှိခြင်းကြောင့် တစ်ခုခု ဖြစ်လာရခြင်း။

ငှက်စုန်းရှိမယ် မရှိမယ်ကလည်း သေချာတာ မဟုတ်ဘူး။ ညောင်ပင်က ရွာကို မီးနဲ့တိုက်မှာက အရင်ကိုး။ သည်လိုနဲ့ လက်ပဒေါသူ လက်ပဒေါသားတွေဟာ ငှက်စုန်းရှာမလား၊ ညောင်ပင် ခုတ်မလား ဆိုတဲ့ပြဿနာကြီးနဲ့ တွေ့နေကြတယ်။

"ကျုပ် ခုတ်မယ်။ ... ညောင်ပင်ကို ကျုပ် ခုတ်မယ်" ကိုခင်။ သူ့လေးထောင့်မျက်နှာကြီးနဲ့ မျက်ပေါက်ကျဉ်းကျဉ်းကို မှေးထားရင်းက တစ်ခွန်းတည်း ထအော်တယ်။ လူတွေအားလုံးဟာ ညောင်ပင်ခုတ်ဖို့ကိစ္စ ကိုယ်ကခုတ်ဖို့ နေနေသာသာ၊ ဟာခုတ်ကွာ...လို့တောင် မပြောရဲတဲ့ လူတွေကိုး။ ကိုခင်က ခုတ်မယ်ဆိုတော့ ဝမ်းထဲက ကျေနပ်ကြပေမယ့် ပါးစပ်က မပြောရဲဘူး။

"ကျုပ်ဒါတွေ ယုံတာမဟုတ်ဘူး။ ... ငှက်အော်လို့ လူသေတာလည်း ကျုပ် မယုံဘူး။ ဒါပေမယ့် ခင်ဗျားတို့ ယုံတယ်မဟုတ်လား။ ..... ယုံတော့လည်း ငှက်နေတယ်လို့ ထင်ရတဲ့ ညောင်ပင်ကျတော့ ခင်ဗျားတို့ မခုတ်ရဲကြပြန်ဘူး....ဘာတွေလဲ ခင်ဗျားတို့။ ... ကျုပ်ခုတ်ပေးမယ်။ အိုဗျာ ကျုပ်က ခုတ်နေမှာ မဟုတ်ဘူး။ ခင်ဗျားတို့ တစ်ခုပဲ ပြောလိုက်မယ်။ ခင်ဗျားကို့ ကိုးကွယ်ထားတဲ့ နတ်ကွန်းစင်တွေ ကနေ့ ညနေစောင်း အပြီး ဖြုတ်ထား။ မနက်ဖြန် မနက် ကျုပ်က ညောင်ပင် ခေါင်းထဲ ရေနံထည့်ပြီး မီးရှို့မှာ။ ... ကန်တော့ချင်တဲ့လူ ကနေ့ အပြီး ကန်တော့ထား။ လက်ပဒေါမှာ မနက်ဖြန် ညောင်ပင်လည်း မရှိစေရဘူး။ ညောင်ခေါင်းထဲငှက်စုန်းနေတယ်ဆိုရင် ငှက်စုန်းလည်း မသာပေါ်ပြီသာ မှတ်"

အဲသည်တုန်းက တကယ်လည်း လက်ပဒေါသားတွေက လက်ပံပင်ကို ခုတ်တယ်။ ကိုခင်က ညောင်ပင်ကို မီးရှို့တယ်။ လက်ပံပင်ကတော့ ငုတ်တိုတောင် မကျန်တော့ပါဘူး။ ထင်း ဖွဲ့ဆိုက်ကြတာနဲ့ကို နောက်ခေတ် ကလေးတွေက ကြည့်ချင်လို့တောင် မရှိတော့ဘူး။ ညောင်ပင်ကတော့ ဘယ်လိုပြောရမလဲ။ ကိုခင်ကလည်း ညောင်ခေါင်းထဲ ရေနံထည့်ပြီး မီးရှို့ခဲ့တာပါဘဲ။ ညောင်ပင်တစ်ပင်လုံးလည်း မည်းချိတ်ပြီး နလံမထူဘဲ သေသလိုလို ဖြစ်သွားခဲ့တာပါပဲ။ ဘာ ငှက်တစ်ကောင် တစ်မြီးမှလည်း မတွေ့ခဲ့ဘူးလို့ ပြောကြတာပါပဲ။

အခုတော့ ကိုခင်က လက်ပဒေါမှာ ဘကြီးခင် ဖြစ်နေပါပြီ။ နှစ်ပေါင်းကလည်း သုံးဆယ်သီသီကျော်ခဲ့ကိုး။ နှစ်ကလည်း နည်းတော့တာမှ မဟုတ်ဘဲလေ။ ဒါပေမယ့် အဲသည် ညောင်ပင်က မသေဘူး။ အငုတ်က ပြန်တက်လာတဲ့ အကိုင်းလေးကနေ စလိုက်တာ အခုတော့ ရွက်အုပ်ဖားဖားနဲ့ ဝေဝေဆာဆာကြီးကို ဖြစ်လို့။ ထုံးစံအတိုင်းပါပဲ။ နတ်ကွန်းကျောင်းဆောင်းကလေးတွေလည်း ပြန်ရောက်လာပြီ။ ညဘက် မီးကလေး တလက်လက်နဲ့ လည်း ဘယ်သူ့ကိုမှန်းတော့ မသိဘူး။ ပူဇော်တဲ့သူက ပူဇော်လို့။ အင်းလေ။ လက်ပဒေါကလည်း အရင်လက်ပဒေါမှ မဟုတ်တော့တာ။ ဗီဒီယိုတွေဘာတွေနဲ့ လက်ပဒေါဖြစ်သွားခဲ့ပြီကိုး။ နှစ်ပေါင်းသုံးဆယ် အတွင်းမှာ လက်ပဒေါလည်း ဘာသားမို့လို့တုံး။

မနေ့တစ်နေ့က လက်ပဒေါမှာ ဘကြီးခင် သေတယ်။ လူတွေက ဘကြီးခင် သေတာ လူကြီးဘဲ။ လူကြီးရောဂါပဲ ပေါ့လေ။ ဘယ်သူမှသိပ်လည်း ခံစားမနေပါဘူး။ ဒါပေမယ့် သတိထားမိတဲ့လူတွေက ပြောတာက ဘကြီးခင် သေတဲ့ညက ငှက်စုန်း ထိုးသေးသတဲ့။ ငှက်စုန်းကလည်း ညောင်ခေါင်းထဲက ထွက်တာတဲ့။

သေတော့ မသေချာပါဘူး။ လက်ပဒေါက နောက်ပေါက်တွေက အဲသည်ညက ဗီဒီယိုရုံထဲ ရောက်နေကြတာကိုး။

နေဝင်းမြင့်
(ကောက်နုတ်ချက်) ငှက်စုန်း၊ ရွှေအမြုတေ၊ ဖေဖော်ဝါရီ၊ ၁၉၉၆
ခံစားသူအကြိုက်မဂ္ဂဇင်းဝတ္ထုတိုများ ၁၉၉၆ အပိုင်း (၁)

— အထက်ပါ ကောက်နုတ်ချက်တွင် စာရေးဆရာ အဓိက တင်ပြလိုသောအချက်များကို ဖော်ပြဆွေးနွေးပါ။

— အထက်ပါ ကောက်နုတ်ချက်တွင် ကိုခင် နှင့် လက်ပဒေါသူ လက်ပဒေါသားတို့ အချင်းချင်း ပေါင်းသင်းဆက်ဆံရေးများ၏ အရေးပါပုံကို ဆွေးနွေးပါ။

— အထက်ပါ ကောက်နုတ်ချက်တွင် ပါရှိသည့် အဓိကဇာတ်ကြောင်းပြောသူ၏ အခန်းကဏ္ဍကို ဆွေးနွေးပါ။

— အထက်ပါ ကောက်နုတ်ချက်တွင် စာဆိုက စကားပြောဟန်အမျိုးမျိုးကို အသုံးချခြင်းဖြင့် မည်သည်များကို ပြောင်မြောက်စွာတင်ပြခဲ့ပါသနည်း။